ပုံစံ(၁၁)

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်( ၄၀ /၂၀၁၆)

| | |
|---|---|
| Mr.Qi Bo (ပိုင်ရှင်)<br>Worldwide Value Manufacturing Co.,Ltd၊<br>အမှတ်(၄၃)၊ ဗန်းမော်အတွင်းဝန်လမ်း၊<br>ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်အေးအေးဝင်း<br>အမှတ်(၁၁)၊ဈေးလေး၊ ၁၄၇(က)၊<br>ခိုင်ရွှေဝါလမ်း၊လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန် လ ၉ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ ဗန်းမော်အတွင်းဝန်လမ်း၊ အမှတ် (၄၃)ရှိ Mr. Qi Bo ပိုင်ဆိုင်သော Worldwide Value Manufacturing Co.,Ltd နှင့် အလုပ်သမား ဒေါ်အေးအေးဝင်းတို့ အကြားဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း

ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ်(၄၇/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊မေ လ ၁၀ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည်တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ပယ်ခြင်းခံရသည့်အတွက် အလုပ်ထုတ်နစ်နာကြေး တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်အမှတ်(၁) ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်ရှင်မှ ဒေါ်အေးအေးဝင်းအား ၂၂-၃-၂၀၁၆ ရက်နေ့တွင် အလုပ်မှထုတ်ပယ်ခဲ့ရာ ဥပဒေပါနစ်နာကြေးငွေနှင့် အခြားခံစားခွင့်များ ရထိုက်/မရထိုက်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ရှင်မှ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်(EC စာချုပ်)၊ အပိုဒ်-၁၄(ခ)(၁)နှင့် ဆန့်ကျင်၍ ဒေါ်အေးအေးဝင်းအား အလုပ်မှ ထုတ်ပယ်ခဲ့သဖြင့် နို့တစ်ကြေးတစ်လစာနှင့် လုပ်သက်အတွက်လဝက်စာလစာ၊ ပေါင်းတစ်လခွဲစာလုပ်ခလစာ ၁၆၂၀၀၀/- (လုပ်သက်အတွက် တစ်သိန်းခြောက်သောင်း နှစ်ထောင် တိတိ/-) ကိုပေးလျော်စေရန်၊ ၁-၃-၂၀၁၆ ရက်နေ့မှ ၂၂-၃-၂၀၁၆ ရက်နေ့ထိ လုပ်ခလစာကျန်ငွေများအား တွက်ချက်ထုတ်ပေးရန်နှင့် အချိန်ပို လုပ်ခဲ့ရသည့်နာရီများအတွက် ဥပဒေနှင့်အညီ အချိန်ပိုကြေး တွက်ချက်ပေးလျော်စေရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၄၇/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် Worldwide Value Manufacturing Co.,Ltd ပိုင်ရှင် Mr.Qi Boမှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၄၀/၂၀၁၆)အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အစိုးရကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် အဖွဲ့ဝင် ဦးထွန်းအေးနှင့် အလုပ်သမား ကိုယ်စားလှယ် အဖွဲ့ဝင် ဦးနေမင်းတို့ပါဝင်သည့် ခုံအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်ရှင်မှ ဒေါ်အေးအေးဝင်းအား ၂၂-၃-၂၀၁၆ ရက်နေ့တွင် အလုပ်မှထုတ်ပယ်ခဲ့ရာ ဥပဒေပါနစ်နာကြေးငွေနှင့် အခြားခံစားခွင့်များ ရထိုက်/မရထိုက်။

**သုံးသပ်ချက်အမှတ်(၁)။** ဤစက်ရုံတွင် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ-၃တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အလုပ်ရှင်ဘက်မှ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီဖွဲ့စည်းရန် ပျက်ကွက်နေကြောင်း တွေ့ရှိရသည်။ အလုပ်သမား ဒေါ်အေးအေးဝင်းသည် ၁၈-၉-၂၀၁၅ ရက်နေ့မှစတင်၍ သန့်ရှင်းရေးအလုပ်သမားအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ လုပ်သက်(၆)လပြည့်မိကြောင်းနှင့် လုပ်သားဦးရေ(၈၀၀) ကျော်ရှိသော စက်ရုံတွင် အခြားသော သန့်ရှင်းရေးလုပ်သား ဒေါ်ရွှေဇင်ဦးနှင့် (၂)ယောက်

တည်းဖြင့်သာ တာဝန်ထမ်းဆောင်ခဲ့ရကြောင်းနှင့် အလုပ်နှင့် ဝန်အားမမျှတသည့်အတွက် ယခုကဲ့သို့ အငြင်းပွားမှု ပေါ်ပေါက်ခဲ့ ကြောင်းပေါ်လွင်သည်။ အလုပ်ရှင်မှ သတ်မှတ်ထားသော လုပ်ခငွေ ကိုတစ်လလျှင် (၁၀၈၀၀၀ိ/-)ကျပ်နှုန်းဖြင့် ပေးချေခဲ့ကြောင်းနှင့် ပျက်ကွက်ခဲ့သော ရက်များအတွက် ဖြတ်တောက်မှုရှိကြောင်း ထွက်ဆိုချက်အရ သိရှိရပါသည်။ ဆုကြေးအနေဖြင့် ၂၀၁၅ ခုနှစ် ကုန်ဆုံးသည့် လစာငွေတွင် ဆုကြေးငွေ (၅၀၀၀ိ/-)ကျပ်ကို အလုပ်ရှင်မှ လစာတွင် ထည့်သွင်းခံစားခွင့်ပြုခဲ့ကြောင်း ပေါ်လွင်ပါ သည်။ အဆိုပါဆုကြေးသည် လုပ်ငန်းခွင်တွင် လုပ်ကိုင်ဆောင်ရွက် ခဲ့သည်များကို အလုပ်ရှင်မှ နှစ်ကုန်ဆုံးချိန်တွင် ချီးမြှင့်သည့် ဆုကြေးသာဖြစ်ကြောင်း လစဉ်ထောက်ပံ့သည့် ဆုကြေးမဟုတ် ကြောင်းကို အလုပ်ရှင်ကိုယ်စား လာရောက်စစ်ဆေးခံသည့် မန်နေဂျာ ဦးစောနိုင်မှ ရှင်းလင်းချက်အရ သိရှိရပါသည်။ မန်နေဂျာ ဦးစောနိုင်သည် လုပ်ငန်းခွင်တွင်း သန့်ရှင်းရေးကိစ္စများနှင့် ပတ်သက်၍ လက်အောက်ဝန်ထမ်းများနှင့် ပြဿနာဖြစ်လာသည့် အခါ Mr.Qi Bo ပိုင်ရှင်နှင့်အတူ စက်ရုံတွင်း ကွင်းဆင်း၍ ပြေလည်မှုရှိစေရန် ဆောင်ရွက်ကြလေ့ရှိကြောင်း ထွက်ဆိုခဲ့ပါ သည်။ ယခုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တွင် မကြာခဏပြဿနာတက် လေ့ရှိသော စက်ရုံတွင်း သန့်ရှင်ရေးကိစ္စများကို ဆောင်ရွက်ရန် စေခိုင်းသည့်အခါ ဒေါ်အေးအေးဝင်းမှ မြွေတွေ့သည်ဟု အကြောင်း ပြ၍ ဆောင်ရွက်ခြင်းမရှိသည်သာမက မိမိအားလည်း လက်ညှိုး ထိုး၍ ကြမ်းတမ်းစွာတုန့်ပြန်ပြောဆိုခဲ့ခြင်းကြောင့် နောက်လတွင် အလုပ်မှရပ်စဲမည်ဖြစ်ကြောင်း နှုတ်ဖြင့်တုန့်ပြန်သတိပေးခဲ့သည်ဟု ထွက်ဆိုချက်အရ သုံးသပ်မိပါသည်။ ယခင်ကလည်း သတိပေး

မှတ်တမ်းပြုလုပ်ခဲ့သော်လည်း ဒေါ်အေးအေးဝင်း လုပ်သားမှ လက်မှတ်မထိုးခဲ့သည်အတွက် တင်ပြနိုင်ခြင်းမရှိကြောင်း သုံးသပ်ပါသည်။ ယခုဖြစ်ပွားခဲ့သော အငြင်းပွားမှုတွင် ဒေါ်အေးအေးဝင်းသည် ၎င်း၏ မတ်လ ၂၀၁၆ ခုနှစ် လစာကျန်ငွေကို ပေးအပ်ခဲ့သော်လည်း ထုတ်ယူခဲ့ခြင်းမရှိကြောင်း မန်နေဂျာမှ ထွက်ဆိုခဲ့ပါသည်။ သို့ဖြစ်၍ အလုပ်မှ ရပ်စဲခံရသော လုပ်သား ဒေါ်အေးအေးဝင်းထံသို့ လုပ်ခကျန်ငွေများကို အမြန်ဆုံးပေးချေရန် လိုအပ်ကြောင်း သုံးသပ်မိပါသည်။ အလုပ်ရပ်စဲမှုနစ်နာကြေးနှင့် ပတ်သက်၍ သက်သေအထောက်အထားများရရှိရေးကို တောင်းဆိုရာတွင် နှစ်ဖက်အလုပ်ရှင်၊ အလုပ်သမားတို့မှ အလုပ်ရပ်စဲကြောင်း/ထုတ်ပယ်ကြောင်းတို့ကို အမိန့်စာ တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိကြပါ ။ သို့သော် လုပ်သားဒေါ်အေးအေးဝင်းသည် အကြောင်းပြချက်အမျိုးမျိုးဖြင့် အလုပ်တာဝန်ကျေပွန်စွာ မထမ်းဆောင်သည့်အတွက် ၎င်းအား အလုပ်မှ ရပ်စဲခဲ့သည်ကို မန်နေဂျာမှ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် (EC)ပါအတိုင်း နှုတ်ဖြင့်သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်းများကို သတ်မှတ်အကြိမ်များနှင့် အညီ ဆောင်ရွက်ခဲ့ပါသည်ဆိုသော်လည်း ခုံအဖွဲ့ထံ မှတ်တမ်းမှတ်ရာများကို တင်ပြနိုင်ခြင်းမရှိကြောင်း စီစစ်တွေ့ရှိရပါသည်။ နောက်နောင် မန်နေဂျာမှလည်း အလုပ်မှရပ်စဲမှုကို တရားဝင်စာဖြင့် ထုတ်ပြန်သင့်သည်ဟု သုံးသပ်မိပါသည်။ ယခုကဲ့သို့ အလုပ်မှရပ်စဲသည်အထိ အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ပါက အလုပ်ရှင်ဘက်မှ ခိုင်လုံသော အထောက်အထားတစ်ခုအဖြစ် မှတ်တမ်းမှတ်ရာများကိုစနစ်တကျ တင်ပြနိုင်ပါက ခုံအဖွဲ့အနေဖြင့် ယုံကြည်လက်ခံနိုင်မည်ဖြစ်ကြောင်း သုံးသပ်ပါသည်။ ဤခုံအဖွဲ့အနေဖြင့် အချိန်ပို

လုပ်ကိုင်စေခြင်းနှင့် စပ်လျဉ်း၍ မန်နေဂျာ ဦးစောနိုင်မှ အလုပ်ဆင်း ချိန်ကျော်ပြီးနောက် ၎င်းအား မည်သည့်အချိန်ပိုလုပ်ငန်းမျှ ခိုင်းစေ ခဲ့ခြင်းမရှိဘဲ ဖယ်ရီကြုံပို့ယာဉ်ဖြင့်ပြန်ရန် စက်ရုံတွင်းစောင့်ဆိုင်း နေရသည့် ကာလအချိန်များကို အချိန်ပိုလုပ်ခိုင်းသည်ဟု စွပ်စွဲ တောင်းခံခြင်းသာဖြစ်ကြောင်း ရှင်းလင်းခဲ့သည့်အတွက် အချိန်ပို ခွင့်ပြုမိန့် တောင်းခံဆောင်ရွက်သည့် သက်သေခံစာများကိုလည်း စစ်ဆေးတွေ့ရှိရခြင်းမရှိ၍ အချိန်ပိုကြေး ခံစားခွင့်မပြုနိုင်ကြောင်း သုံးသပ်ပါသည်။ အလုပ်ရပ်စဲမှု နစ်နာကြေးခံစားပိုင်ခွင့်ကို ဥပဒေ နှင့်အညီ ခံစားခွင့်ပြုပါမှ အလုပ်မှ ရပ်စဲခြင်းခံရသော အလုပ်သမား ဒေါ်အေးအေးဝင်းသည် အခြားသော အလုပ်အကိုင် မရရှိသေးမီ လတ်တလော ဘဝရပ်တည်ရေးကို ရှေးရှုလျက် လူမှုရေးတရား မျှတမှုကို အခြေခံသော အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်နိုင် ရန်အဖက်ဖက်မှ သုံးသပ်ခဲ့ပါသည်။ သို့မှသာ စည်းကမ်းထိန်းသိမ်း ရေးကိုလည်း အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံးမှ အလေး ဂရုပြုလိုက်နာ ဆောင်ရွက်ကြလိမ့်မည်ဟု သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ရှင် Mr. Qi Bo သည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူ စာချုပ်ပါ အလုပ်ရပ်စဲမှု /အလုပ်ထုတ်ပယ်မှုများနှင့် စပ်လျဉ်း၍ ခိုင်လုံသည့်အကြောင်းပြချက်ပါရှိသော နို့တစ်စာပေးခြင်း မပြုဘဲ နှုတ်ဖြင့်သာ လုပ်သား ဒေါ်အေးအေးဝင်းအား အလုပ်မှရပ်စဲ ထုတ်ပယ်ခဲ့သည့်အတွက် နို့တစ်ကြေးတစ်လစာ၊ လုပ်သက်အတွက် လဝက်စာ၊ စုစုပေါင်း (၁၆၂၀၀၀/-)ကိုပေးလျော်ရန်၊ ၁-၃-၂၀၁၆ ရက်နေ့မှ ၂၂-၃-၂၀၁၆ ရက်နေ့အထိ ထုတ်ယူခဲ့ခြင်းမရှိသည့် လုပ်ခကျန်ငွေများကို အမြန်ဆုံးတွက်ချက်ထုတ်ပေးရန် ဆုံးဖြတ် သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေပုဒ်မ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးထွန်းအေး | ဦးသောင်းစိန် | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |